**EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR**
329 Julius Jeppe Street, Waterkloof, Pretoria, South Africa. 0181
Phone: 012-3412556/7, email: embmya@gmail.com

## လိုအပ်သည့်အချက်အလက်များ

၁။ လျှောက်လွှာ

၂။ ကိုယ်ရေးရာဇဝင် (ဓာတ်ပုံကပ်လျက်)

၃။ နိုင်ငံကူးလက်မှတ်မူရင်းနှင့် Passport information page and Observation pages များ၏ မိတ္တူ

၄။ လက်ရှိနေထိုင်သောနိုင်ငံတွင် တရားဝင်နေထိုင်ခွင့် အထောက်အထား
(အမြဲတမ်းနေထိုင်ခွင့်ကတ်ပြား / ဗီဇာ / အလုပ်လုပ်ကိုင်ခွင့်အထောက်အထား စသည်)

၅။ ၁-၁၀-၂၀၂၃ ရက်နေ့နောက်ပိုင်း ဝင်ငွေခွန်ထမ်းဆောင်ထားကြောင်း အထောက်အထား (အကျုံးဝင်သူများသာ)

၆။ လက်ဗွေနှင့် လက်မှတ်စာရွက်
(မှင်အမည်းဖြင့် သတ်မှတ်နေရာအတွင်း ထင်ရှားစွာ ရိုက်နှိပ်/ ရေးထိုးပေးပါရန်)

၇။ ရောင်စုံဓာတ်ပုံ (၂) ပုံ (ကိုယ်ရေးရာဇဝင်နှင့် ကိုယ်ရေးအချက်အလက်စာရွက်တို့တွင် ကပ်ပေးပါ။)
- ၆ လအတွင်း ရိုက်ကူးထားသော Resolution ကောင်းမွန်သည့် ဓာတ်ပုံဖြစ်ရမည်။
- အရွယ်အစား ၁.၅" x ၂"
- နောက်ခံအဖြူ (ဓာတ်ပုံရိုက်ကူးစဉ် ဝတ်ဆင်ထားသည့်အင်္ကျီသည် အဖြူရောင် မဖြစ်ရပါ။)
- မျက်နှာသည် ဓာတ်ပုံ၏ အလယ်တွင် ရှိနေပြီး မျက်နှာအသွင်အပြင်အား ထင်ရှားစွာ မြင်နိုင်ရမည်။ ဘယ်/ ညာသို့ ကပ်နေခြင်း၊ စောင်းနေခြင်း၊ မော့နေခြင်း၊ ငုံ့နေခြင်း မဖြစ်ရပါ။
- မိမိအစီအစဉ်ဖြင့် ရိုက်ကူး၍ ပေးပို့သောဓာတ်ပုံများအား လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါ။
- အစ္စလာမ်ဘာသာဝင်အမျိုးသမီးများအနေဖြင့် **Hijab မဝတ်ဆင်ထားသည့် ဓာတ်ပုံ**အား ပေးပို့ပါရန်။

## ဗီဇာအမျိုးအစားအလိုက် ထပ်မံလိုအပ်သည့် စာရွက်စာတမ်းများ

| | | |
|---|---|---|
| အလုပ်လုပ်ကိုင်နေသူ | ၁။ | လက်ရှိအလုပ်လုပ်ကိုင်နေသည့် ကုမ္ပဏီ/ စက်ရုံ/ အဖွဲ့အစည်း၏ ထောက်ခံချက် |
| | ၂။ | Work Contract / Employment Agreement နှင့် Salary Certificate / Pay Slip မိတ္တူ |
| | ၃။ | ၁-၁၀-၂၀၂၃ ရက်နေ့နောက်ပိုင်း ဝင်ငွေခွန်ထမ်းဆောင်ထားပါက အထောက်အထား |
| UN ဝန်ထမ်းများ | ၁။ | UN Laissez-Passer ၏ Passport Information Page မိတ္တူ |
| | ၂။ | လက်ရှိ အလုပ်လုပ်ကိုင်နေသည့် UN အဖွဲ့အစည်း၏ ထောက်ခံစာ |
| အမြဲတမ်း နေထိုင်ခွင့်ဖြင့် နေထိုင်သူ | ၁။ | အမြဲတမ်းနေထိုင်ခွင့် အထောက်အထား |
| | ၂။ | အလုပ်လုပ်ကိုင်ခြင်း မရှိကြောင်း သို့မဟုတ် အငြိမ်းစားယူထားကြောင်း အထောက်အထား |
| မှီခိုနေထိုင်သူ | ၁။ | လက်ထပ်စာချုပ် သို့မဟုတ် မိသားစုဝင်ဖြစ်ကြောင်း အထောက်အထား |
| | ၂။ | မိမိအား ထောက်ပံ့လက်ခံထားသူ၏ နိုင်ငံကူးလက်မှတ်မိတ္တူ သို့မဟုတ် ID မိတ္တူ |
| ပညာသင်ကြားနေသူ | သက်တမ်းရှိသည့် Student Visa | |
| သင်္ဘောသား | ၁။ | CDC မိတ္တူ |
| | ၂။ | သက်ဆိုင်ရာကုမ္ပဏီ၏ ထောက်ခံစာ |
| | ၃။ | လက်ရှိရောက်ရှိနေသော နိုင်ငံတွင် ဗီဇာ ရရှိထားပါက ဗီဇာမိတ္တူ |

## နိုင်ငံကူးလက်မှတ်ဆိုင်ရာ အချက်အလက်

- (၅) နှစ် သက်တမ်းရှိသည့် စက်ဖြင့် ဖတ်ရှုနိုင်သော (Machine readable) နိုင်ငံကူးလက်မှတ်အမျိုးအစား ဖြစ်ပါသည်။
- လျှောက်ထားသူ၏ လက်ရှိပြည်ပတွင် နေထိုင်သည့် ဗီဇာအမျိုးအစားအပေါ် မူတည်၍ Passport type : PJ , PV , PT စသည်ဖြင့် ကွဲပြားသွားပါမည်။

## သတ်မှတ်နှုန်းထား

| | | |
|---|---|---|
| နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း | နိုင်ငံကူးလက်မှတ်ကြေး | တောင်အာဖရိကရန်း ၉၀၀/- |
| နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန် (၂) **နှစ်နှင့်အထက်** နောက်ကျခြင်း | ဒဏ်ကြေး | တစ်နှစ်လျှင် တောင်အာဖရိကရန်း ၃၀၀/- |
| | နိုင်ငံကူးလက်မှတ်ကြေး | တောင်အာဖရိကရန်း ၉၀၀/- |
| နိုင်ငံကူးလက်မှတ် **(၁) နှစ်နှင့်အထက်** သက်တမ်းကျန်ရှိသော်လည်း ကြိုတင်၍ သက်တမ်းတိုးလိုခြင်း | ဒဏ်ကြေး | တောင်အာဖရိကရန်း ၆၀၀/- |
| | နိုင်ငံကူးလက်မှတ်ကြေး | တောင်အာဖရိကရန်း ၉၀၀/- |

သံရုံးသို့ **လူကိုယ်တိုင်** လာရောက်လျှောက်ထားသူများထံမှသာ **ငွေသားဖြင့်** ပေးချေမှုကို လက်ခံမည်ဖြစ်ပြီး Courier service ဖြင့် ပေးပို့သူများအနေဖြင့် အောက်ဖော်ပြပါ သံရုံး၏ ရန်းငွေစာရင်းသို့ တိုက်ရိုက်ပေးသွင်းရပါမည် -

Account Holder : Embassy of the Union of Myanmar
Account Type : Cheque Account
Account Number : 62526149407
Bank Name : First National Bank (FNB)
Branch Code : 251345
Branch Name : BROOKLYN
Swift Code : FIRNZAJJ
Address : Shop 357, Level 2, Brooklyn Mall,
Corner of Veale and Fehrsen Streets, New Muckleneuk,
Pretoria, South Africa 0181

## ရုံးဖွင့်ချိန်

| | | |
|---|---|---|
| နံနက်ပိုင်း (၀၉:၃၀ – ၁၂:၀၀) | နေ့လယ်စာ စားချိန် (၁၂:၀၀ – ၁၃:၀၀) | မွန်းလွဲပိုင်း (၁၃:၀၀ – ၁၆:၃၀) |

## လုပ်ငန်းဆောင်ရွက်ရန် ကြာမြင့်ချိန်

**လိုအပ်သည့် စာရွက်စာတမ်း/ အထောက်အထားများ ပြည့်စုံစွာ လက်ခံရရှိချိန်**မှစတင်၍ ရုံးဖွင့်ရက် (၅) ရက်မှ (၇) ရက်အတွင်း ကြာမြင့်ပါမည်။

## နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ပေးရန် ပန်ကြားချက်များနှင့် သိသင့်သိထိုက်သည့် အချက်အလက်များ

၁။ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်းအား **သက်တမ်းကုန်ဆုံးမည့်နေ့ရက် (Date of Expiry) မတိုင်မီ (၁) နှစ်ခန့်မှစတင်၍ ဆောင်ရွက်နိုင်**ပါသည်။ (ဥပမာ 01 JAN 2024 တွင် သက်တမ်းကုန်ဆုံးမည်ဆိုပါက ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ သက်တမ်းတိုးခြင်းလုပ်ငန်းအား လျှောက်ထားဆောင်ရွက်နိုင်ပါသည်။)

၂။ ကိုယ်ရေးလျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်များတွင် **မှန်ကန် ပြည့်စုံစွာ** ဖြည့်စွက်ပေးပါရန်။

၃။ Passport Information Page တွင် ဖော်ပြမည့် လျှောက်ထားသူ၏ အချက်အလက်များအား Capital letter ဖြင့် **ထင်ရှားပြတ်သားစွာ** ရေးသားပေးပါရန်။

၄။ လက်ဗွေ ရိုက်နှိပ်ရာတွင် **သတ်မှတ်နေရာအတွင်း ဒေါင်လိုက်အနေအထား** (upward position) ဖြင့် ရိုက်နှိပ်ပေးပါရန်။ **သတ်မှတ်နေရာ၏ အပြင်သို့ ရောက်ရှိခြင်း၊ ကန့်လန့်အနေအထားဖြင့် ရိုက်နှိပ်ခြင်း မပြု (မပြု) ပါရန်။**

၅။ လက်မှတ်ရေးထိုးရာတွင် **သတ်မှတ်နေရာအတွင်း မှင်အမည်းရောင်ဖြင့် ထင်ရှားပြတ်သားစွာ** ရေးထိုးပါရန်။ **သတ်မှတ်နေရာ၏ အပြင်သို့ ရောက်ရှိခြင်း၊ လက်မှတ်အရွယ်အစား သေးငယ်လွန်ခြင်း မရှိ (မရှိ) စေရန်။**

၆။ **သတ်မှတ်အချက်အလက်များနှင့် ကိုက်ညီသည့် ဓာတ်ပုံ**များသာ ပေးပို့ပါရန်။ **နိုင်ငံကူးလက်မှတ်တွင် ထည့်သွင်းဖော်ပြရန် အဆင်ပြေမှု မရှိ (မရှိ) သည့် ဓာတ်ပုံများ ပေးပို့လာပါက သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ဓာတ်ပုံအား ထပ်မံ တောင်းခံသွားမည်ဖြစ်ပါသည်။**

၇။ လက်ရှိရောက်ရှိနေသည့်နိုင်ငံတွင် တရားဝင်နေထိုင်ခွင့် အထောက်အထား (Visa / Work Permit / Student Pass စသည်) တို့သည် သက်တမ်းအနည်းဆုံး (၃) လမှ (၅) လအတွင်း ကျန်ရှိရန် လိုအပ်ပြီး ဗီဇာ သက်တမ်းတိုးမြှင့်ထားဆဲကာလဖြစ်ပါက သက်တမ်းတိုးထားကြောင်း အထောက်အထား တင်ပြပါရန်။

၈။ အချို့သော အာဖရိကနိုင်ငံများသည် ဗီဇာသက်တမ်းတိုးနိုင်ရန်အတွက် နိုင်ငံကူးလက်မှတ်သက်တမ်း အနည်းဆုံး (၂) နှစ် ရှိရန် ကန့်သတ်ထားသဖြင့် ထိုသို့သော အခြေအနေမျိုးဖြစ်ပါက လျှောက်ထားသူ၏ အခြေအနေအပြည့်အစုံအား ကိုယ်ရေးစာဖြင့် သီးခြား ရေးသား တင်ပြပါရန်။

၉။ နိုင်ငံကူးလက်မှတ်အမျိုးအစား ပြောင်းလဲကိုင်ဆောင်ခွင့် လျှောက်ထားမှုများအတွက် ပြောင်းလဲလိုသည့် နိုင်ငံကူးလက်မှတ်အမျိုးအစားနှင့် ကိုက်ညီသည့် အထောက်အထားများအား ပူးတွဲ တင်ပြပါရန်။

၁၀။ ပြည်ပနေ မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပတွင် ရရှိသည့် လစာဝင်ငွေအပေါ် ၁-၁၀-၂၀၂၃ ရက်နေ့ မှစတင်၍ ဝင်ငွေခွန် ထမ်းဆောင်ရမည်ဖြစ်ရာ အလုပ်လုပ်ကိုင်ခွင့်ဖြင့် နေထိုင်သူများအနေဖြင့် ဝင်ငွေခွန် ထမ်းဆောင်ထားကြောင်း အထောက်အထား တင်ပြနိုင်မှသာ (သို့မဟုတ်) မြန်မာသံရုံးတွင် ဝင်ငွေခွန် ထမ်းဆောင်မှသာလျှင် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်ခြင်းနှင့် ထောက်ခံစာ ရယူခြင်း ကိစ္စရပ်များ အား ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၁၁။ လိုအပ်သည့်စာရွက်စာတမ်းများနှင့် လက်ရှိနိုင်ငံကူးလက်မှတ်တို့အား **စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ Hardcopy ပေးပို့ရန်** လိုအပ်ပါသည်။ **email ဖြင့် ပေးပို့ခြင်းအား လက်ခံဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။**

၁၂။ Courier service ဖြင့် စာရွက်စာတမ်းများ ပေးပို့ရာတွင် **door-to-door စနစ်ဖြင့် သံရုံးသို့အရောက်** ပေးပို့ ပေးပါရန်။ **သံရုံးအနေဖြင့် စာတိုက်များ/ အခြားနေရာများတွင် သွားရောက် ရယူပေးနိုင်ခြင်း မရှိပါ။**

၁၃။ ထပ်မံ၍ လိုအပ်သည့်စာရွက်စာတမ်းများအား သံရုံးက email ဖြင့် ဆက်သွယ်တောင်းခံပါက ဓာတ်ပုံရိုက်ပေးပို့ခြင်းမပြုဘဲ **scan ဖတ်၍ pdf format ဖြင့်သာ ပေးပို့**ပေးပါရန်။

၁၄။ သံရုံး၏ ငွေစာရင်းသို့ ကျသင့်ငွေ လွှဲပို့ရာတွင် **လျှောက်ထားသူ၏ အမည်အား reference နေရာတွင် ပြည့်စုံစွာ** ဖော်ပြပေး၍ ငွေပေးသွင်းထားပြီးဖြစ်ကြောင်း အထောက်အထားအား ပူးတွဲပေးပို့ပါရန်။ ငွေလွှဲပို့မှုနှင့်ပတ်သက်၍ စိစစ်အတည်ပြုရန် လိုအပ်ပါက အခြားအထောက်အထားများ ထပ်မံ တောင်းခံသွားပါမည်။

၁၅။ သံရုံး၏ Bank account သည် တောင်အာဖရိကရန်းငွေ (Rand) သာ လက်ခံရယူနိုင်ပါသည်။ တောင်အာဖရိကနိုင်ငံမဟုတ်သော အခြားနိုင်ငံများမှ ရန်းငွေ (Rand) မဟုတ်သော အခြားနိုင်ငံခြားငွေကြေးဖြင့် ငွေလွှဲပို့ခြင်းအတွက် **ငွေလဲနှုန်းအား လွှဲပို့မည့် သက်ဆိုင်ရာဘဏ်တွင် မေးမြန်းစုံစမ်း၍ တွက်ချက်ပေးပို့ရန်**ဖြစ်ပြီး **သံရုံးအနေဖြင့် ငွေလဲနှုန်းအား ခန့်မှန်းတွက်ချက်ပေးနိုင်ခြင်း မရှိပါ။**

၁၆။ တောင်အာဖရိကနိုင်ငံမဟုတ်သော အခြားနိုင်ငံများမှ ငွေလွှဲပို့ရာတွင် **ဘဏ်စရိတ်အား လွှဲပို့သူမှ ကျခံပေးချေရန်**ဖြစ်ပြီး **နိုင်ငံကူးလက်မှတ်လျှောက်ထားမှုအတွက် ပေးချေရမည့် ကျသင့်ငွေထံမှ ဘဏ်စရိတ်ဖြတ်တောက်ခြင်း မရှိစေရန်**အတွက် အထူး ဂရုပြု ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၇။ ငွေပေးချေမှုနှင့်ပတ်သက်၍ သံရုံး၏ Bank account သို့ တိုက်ရိုက်လွှဲပို့ခြင်း၊ သံရုံး၌ လူကိုယ်တိုင် လာရောက်လျှောက်ထားသူများထံမှ ငွေသားဖြင့် လက်ခံခြင်းကိုသာ ဆောင်ရွက်ပေးနိုင်ပြီး Western Union, Remitly, MoneyGram စသည့်နည်းလမ်းများဖြင့် ငွေလွှဲပို့မှုအား လက်ခံဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။

၁၈။ အာဖရိကတိုက်၏ အခြားဒေသများမှ ကိုယ်တိုင် လာရောက်လျှောက်ထားလိုသူများသည် **တောင်အာဖရိကနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာ ရရှိရေးအတွက် မိမိ၏အစီအစဉ်ဖြင့် လျှောက်ထား**ကြပါရန်။ **သံရုံးအနေဖြင့် လျှောက်ထားသူ၏ ပြည်ဝင်ခွင့်ဗီဇာနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။**

၁၉။ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း/ အသစ်ထုတ်ပေးခြင်း ဆောင်ရွက်ပြီးစီးပါက လျှောက်ထားသူထံ ပြန်လည်ပေးပို့နိုင်ရေးအတွက် **လျှောက်ထားသူကိုယ်တိုင် Courier service သို့ ချိတ်ဆက် ဆောင်ရွက်**ပါရန်။ ထိုသို့ဆောင်ရွက်ရာတွင် **တစ်ဦးထက်ပိုသည့်** နိုင်ငံကူးလက်မှတ်များအား ရယူမည်ဆိုပါက မြန်မာသံရုံးထံမှ ရယူရမည့် **နိုင်ငံကူးလက်မှတ်ပိုင်ရှင်များ၏ အမည်များအား Courier service သို့ အသိပေး**ထားပါရန်။ **နိုင်ငံကူးလက်မှတ်သည် အရေးကြီးသော စာရွက်စာတမ်းဖြစ်၍ Courier service အချို့သည် Airway bills တွင် ဖော်ပြထားသူ၏ နိုင်ငံကူးလက်မှတ်ကိုသာ လက်ခံရယူ၍ အခြားနိုင်ငံကူးလက်မှတ်များအား လက်ခံရယူခြင်း မရှိသည့် ဖြစ်စဉ်မျိုး ရှိခဲ့ပါသည်။**

၂၀။ လျှောက်ထားသူ၏ **နိုင်ငံကူးလက်မှတ်အဟောင်း**ရှိ စာမျက်နှာအလွတ် (Blank page) အားလုံးတွင် “Cancelled” ရိုက်နှိပ်ကာ **နိုင်ငံကူးလက်မှတ်အသစ်နှင့်အတူ လျှောက်ထားသူထံ ပြန်လည်ပေးအပ်**ပါမည်။ Visa များနှင့် Immigration တံဆိပ်တုံးများ ပါရှိသည့် မည်သည့်စာမျက်နှာကိုမျှ ထိခိုက်စေမည် မဟုတ်ပါ။

၂၁။ နိုင်ငံကူးလက်မှတ်အသစ်၏ Observation page တွင် နိုင်ငံကူးလက်မှတ်အဟောင်း၏ အချက်အလက်များအား ဖော်ပြထားသည့်အတွက် ဗီဇာကူးပြောင်းခြင်းနှင့် အခြားကိစ္စရပ်များ ဆောင်ရွက်ရာတွင် အခက်အခဲ မရှိနိုင်ပါ။

၂၂။ လျှောက်ထားသူကိုယ်တိုင် သံရုံးသို့ လာရောက်လျှောက်ထားသည့်တိုင် **နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခြင်း မရှိ** ပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ချိန်သည် ရုံးဖွင့်ရက် (၅) ရက်မှ (၇) ရက်အတွင်း ကြာမြင့်ပါမည်။

သို့

သံအမတ်ကြီး

မြန်မာသံရုံး

ပရီတိုးရီးယားမြို့

ရက်စွဲ၊ _______________________

အကြောင်းအရာ။ **နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ ကျွန်မ ___________________________________ ၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်၊ __________________________________ ၊ ထုတ်ပေးရက်စွဲ _____________________________ သည် __________________ ရက်နေ့တွင် သက်တမ်းကုန်ဆုံး ခဲ့ပြီး / မည် ဖြစ်ပါသည်။

၂။ ကျွန်တော်/ ကျွန်မသည် လက်ရှိတွင် ________________________ နိုင်ငံ _______________________ မြို့တွင် ________________________________ ဗီဇာအမျိုးအစားဖြင့် နေထိုင်လျက်ရှိရာ ကျွန်တော် / ကျွန်မ၏ နိုင်ငံကူးလက်မှတ်အား သက်တမ်းတိုးမြှင့်ပေးနိုင်ပါရန် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားအပ်ပါသည် –

(က) ကိုယ်ရေးရာဇဝင် (ဓာတ်ပုံကပ်လျက်)

( ခ ) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ

( ဂ ) လက်ရှိနေထိုင်သောနိုင်ငံတွင် တရားဝင်နေထိုင်ခွင့် အထောက်အထား

(ဃ) ဗီဇာအမျိုးအစားအလိုက် ထပ်မံလိုအပ်သည့် စာရွက်စာတမ်းများ

( င ) ဝင်ငွေခွန်ထမ်းဆောင်ထားကြောင်း အထောက်အထား (သို့မဟုတ်) ဝင်ငွေခွန်ထမ်းဆောင်ရန် လျှောက်လွှာနှင့် ကိုယ်ရေးအချက်အလက် (အကျုံးဝင်သူများအတွက်သာ)

( စ ) လက်ဗွေနှင့် လက်မှတ်စာရွက် (ဓာတ်ပုံကပ်လျက်)

(ဆ) ငွေပေးသွင်းပြီးကြောင်း အထောက်အထား

လေး စား စွာ ဖြင့်

လက်မှတ် ။______________________________

အမည် ။______________________________

ဖုန်းနံပါတ် ။______________________________

email ။______________________________

နိုင်ငံကူးလက်မှတ်တွင် ရေးသွင်းရမည့် ကိုယ်ရေးအချက်အလက်

(လျှောက်ထားသူကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ပါရန်)

Name :

Date of Birth : (dd/mm/yyyy)

Place of Birth :

Signature of the applicant

(Please sign in the below box with black pen)

Left Thumb

Right Thumb

Photo

သို့

သံအမတ်ကြီး
မြန်မာသံရုံး
ပရီတိုးရီးယားမြို့

ရက်စွဲ၊ ၂၀ ခုနှစ် လ ရက်

အကြောင်းအရာ။ **ဝင်ငွေခွန်ထမ်းဆောင်ခွင့်ပြုပါရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ ကျွန်မ ______________________________________ (မြန်မာနိုင်ငံကူးလက်မှတ်အမှတ်၊ ______________________________ ၊ ထုတ်ပေးရက်စွဲ ________________________) ကိုင်ဆောင်သူသည် ______________________ နိုင်ငံသို့ _____________________ မြို့သို့ ___________________ရက်နေ့တွင် ရောက်ရှိခဲ့ပြီး ____________________________________________ အဖြစ် အလုပ် လုပ်ကိုင်လျက်ရှိပါသည်။

၂။ ကျွန်တော်/ ကျွန်မသည် _____________________ ကာလအထိ ဝင်ငွေခွန်ထမ်းဆောင်ပြီး ဖြစ်ပါသည်။ ကျွန်တော်/ ကျွန်မ၏ တစ်လလျှင် လစာနှုန်းထားမှာ ________________________ ဖြစ်ပါ၍ ( - - ) ရက်နေ့မှ ( - - ) ရက်နေ့အထိ ထမ်းဆောင်ရန်ရှိသည့် ဝင်ငွေခွန် ( ) အား ထမ်းဆောင်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

လေး စား စွာ ဖြင့်

လက်မှတ် ၊______________________________
အမည် ၊______________________________
လိပ်စာ ၊______________________________
၊______________________________
၊______________________________
ဖုန်းနံပါတ် ၊______________________________
email ၊______________________________

## ပြည်ပနေမြန်မာနိုင်ငံသားများ ဝင်ငွေခွန်ထမ်းဆောင်ခြင်းအတွက် PAYE Management System တွင် ဖြည့်စွက်ရမည့် ကိုယ်ရေးအချက်အလက်

၁။ အခွန်ထမ်းအမည် ____________________

၂။ အဘအမည် ____________________

၃။ မွေးသက္ကရာဇ် ____________________

၄။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ____________________

၅။ နိုင်ငံကူးလက်မှတ်ဆိုင်ရာ အချက်အလက်များ

(က) နိုင်ငံကူးလက်မှတ်အမှတ် ____________________

( ခ ) နိုင်ငံကူးလက်မှတ်အမျိုးအစား ____________________

၆။ OWIC No. ____________________

၇။ SIRB / CDC No. (သင်္ဘောသားများအတွက်) ____________________

၈။ မြန်မာနိုင်ငံ အမြဲတမ်းနေရပ်လိပ်စာ ____________________

မြို့နယ် ____________________ ပြည်နယ်/ တိုင်းဒေသကြီး ____________________

၉။ အလုပ် လုပ်ကိုင်နေသည့် နိုင်ငံ ____________________

၁၀။ ကိုင်ဆောင်ထားသည့်ဗီဇာ (Type of Visa) ____________________

၁၁။ တစ်လ လစာဝင်ငွေ (နိုင်ငံခြားငွေဖြင့်) ____________________

၁၂။ ပြည်ပနေရပ်လိပ်စာ ____________________

မြို့ ____________________ နိုင်ငံ ____________________

၁၃။ ဖုန်းနံပါတ် ____________________

၁၄။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ____________________

လက်မှတ် ____________________

အမည် ____________________

ရက်စွဲ ____________________

**ပြည်ပရောက်မြန်မာနိုင်ငံသားများ ကောင်စစ်ရေးရာကိစ္စများ ဆောင်ရွက်ရာတွင် ဖြည့်စွက်ရမည့် ကိုယ်ရေးရာဇဝင် (CV Form for Myanmar Citizens for consular matters)**

ဓာတ်ပုံ

Photo

၁။ အမည် (Full Name) ______________________

၂။ ငယ်နာမည် (Former Names) ______________________

၃။ အခြားအမည် (Other Name) ______________________

၄။ မွေးသက္ကရာဇ် (Date of Birth) ______________________

၅။ မွေးရပ်ဇာတိ (Place of Birth) ______________________

၆။ အရပ်အမြင့် (Height) ______________________

၇။ ကိုယ်အလေးချိန် (Weight) ______________________

၈။ မျက်လုံးအရောင် (Eye colour) ______________________

၉။ ဆံပင်အရောင် (Hair colour) ______________________

၁၀။ ထင်ရှားသည့်အမှတ်အသား (Distinguished Mark) ______________________

၁၁။ ကိုးကွယ်သည့်ဘာသာ (Religion) ______________________

၁၂။ လူမျိုး (Race) ______________________

၁၃။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (National Registration Card No.) ______________________

၁၄။ ပညာအရည်အချင်း (Highest Qualification) ______________________

၁၅။ အဘအမည် (Father's Name) ______________ နိုင်ငံသား (Nationality) ______________

၁၆။ အမိအမည် (Mother's Name) ______________ နိုင်ငံသား (Nationality) ______________

၁၇။ မြန်မာနိုင်ငံ အမြဲတမ်းနေရပ်လိပ်စာ (Permanent Address in Myanmar) ______________________

______________________

၁၈။ လက်ရှိနေရပ်လိပ်စာ (Current Address) ______________________

______________________

၁၉။ ဖုန်းနံပါတ် (Mobile) ______________ (Res) ______________

Email ______________________

၂၀။ နိုင်ငံကူးလက်မှတ်ဆိုင်ရာ အချက်အလက်များ (Passport Information)

(က) နိုင်ငံကူးလက်မှတ်အမှတ် (Passport No.) ______________________

( ခ ) ထုတ်ပေးရက်စွဲ (Date of Issue) ______________ ( ဂ ) ကုန်ဆုံးရက်စွဲ (Date of Expiry) ______________

(ဃ) ထုတ်ပေးသည့်နေရာ (Place of Issue) ______________________

၂၁။ နိုင်ငံခြားသို့ စတင်ရောက်ရှိသည့်အချိန် (Overseas arrival date) ______________________

၂၂။ လာရောက်သည့်အကြောင်းအရင်း (Purpose of entry) ______________________

၂၃။ ပညာသင်ကြားမှုဆိုင်ရာ အချက်အလက်များ (For students)

(က) ပညာရပ် (Course/ Subject) ______________________

( ခ ) ကျောင်းအမည် (Name of Institution) ______________________

( ဂ ) ကျောင်းလိပ်စာ (Address of Institution) ______________________

(ဃ) သင်ကြားမှုပြီးဆုံးမည့်နေ့ (Completion Date of the course) ______________________

( င ) ပညာသင်ထောက်ပံ့ကြေး ရရှိမှု (Scholarship received) ☐ Yes ☐ No

( စ ) ရှိလျှင် ရရှိသည့်ပမာဏ (if yes, amount received) ______________________

၂၄။ လက်ရှိအလုပ်အကိုင်ဆိုင်ရာ အချက်အလက်များ (Current Occupational Information)

(က) ရာထူး (Designation) ____________________

( ခ ) ကုမ္ပဏီ/ အဖွဲ့အစည်းအမည် (Name of Company/ Org.) ____________________

( ဂ ) ကုမ္ပဏီ/ အဖွဲ့အစည်းလိပ်စာ (Address of Company/ Org) ____________________

(ဃ) လုပ်ငန်းအမျိုးအစား (Type of Business) ____________________

( င ) စတင်သည့်နေ့ရက် (Date of commencement) ____________________

( စ ) ပြီးဆုံးမည့်နေ့ရက် (Date of completion) ____________________

(ဆ) ရရှိသည့်လစာ (Salary) ____________________

( ဇ ) မြန်မာနိုင်ငံသို့ ငွေ ပြန်ပို့ခြင်း ရှိ/ မရှိ (Remittance of Earning to Myanmar) ☐ Yes ☐ No

( ဈ ) ရှိလျှင် ပမာဏ (if yes, amount transferred) ____________________

(ည) ရှိလျှင် ငွေလွှဲပို့မှုလမ်းကြောင်း (if yes, money transfer agency) ____________________

၂၅။ မှီခိုသူဖြစ်ပါက မှီခိုနေသူ၏ အမည်၊ အလုပ်အကိုင်၊ လိပ်စာနှင့် တော်စပ်ပုံ (If Dependent, Name, occupation, address and relationship of the person to whom you depend on) ____________________

____________________

____________________

၂၆။ နိုင်ငံခြားသားနှင့် အိမ်ထောင်ပြုခြင်း ရှိ/ မရှိ (Married to Foreigner) ☐ Yes ☐ No

၂၇။ ရှိလျှင် အိမ်ထောင်ပြုသည့်နေ့ရက် (If yes, date of marriage) ____________________

၂၈။ ခင်ပွန်း/ဇနီး၏ နိုင်ငံသား (Nationality of the spouse) ____________________

၂၉။ မြန်မာနိုင်ငံသို့ အပြီးပြန်မည့်နေ့ရက် (Date of return to Myanmar) ____________________

၃၀။ နိုင်ငံခြားသားအဖြစ် ခံယူရန် အစီအစဉ် ရှိ/ မရှိ (Plans of applying for Foreign Citizenship) ☐ Yes ☐ No

၃၁။ ပညာဆည်းပူးခဲ့သော/ သင်တန်းတက်ရောက်ခဲ့သော ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်၊ အလုပ်ဌာနစသည်များ (School, College, Universities, Department Training Course and other Courses attended)

| မှ<br>From | ထိ<br>To | ကျောင်းအမည်<br>Name of School/ Institution | တည်ရာအရပ်<br>Place | အဆင့်အတန်း<br>Qualifications |
|---|---|---|---|---|
| | | | | |

၃၂။ ပြည်ပတွင် နေထိုင်ခဲ့သည့် ကာလများ (Duration of stay abroad)

| စဉ် Sr. | နိုင်ငံ Country | နေထိုင်သည့် အကြောင်းအရင်း Purpose of entry | နေထိုင်ခဲ့သည့်ကာလ Duration of Stay | | မှတ်ချက် Remark |
|---|---|---|---|---|---|
| | | | မှ (From) | ထိ (To) | |
| | | | | | |

၃၃။ လျှောက်ထားသူ၏ အဘနှင့် အဘ၏ မောင်နှမအရင်းအချာများ (Applicant's Father and his siblings)

| အမည် Name | တော်စပ်ပုံ Relationship | ကျား/မ Sex | နိုင်ငံသား Nationality | အလုပ်အကိုင် Occupation | နေရပ်လိပ်စာ Address | မှတ်ချက် Remark |
|---|---|---|---|---|---|---|
| | | | | | | |

၃၄။ လျှောက်ထားသူ၏ အမိနှင့် အမိ၏ မောင်နှမအရင်းအချာများ (Applicant's Mother and her siblings)

| အမည် Name | တော်စပ်ပုံ Relationship | ကျား/မ Sex | နိုင်ငံသား Nationality | အလုပ်အကိုင် Occupation | နေရပ်လိပ်စာ Address | မှတ်ချက် Remark |
|---|---|---|---|---|---|---|
| | | | | | | |

၃၅။ လျှောက်ထားသူ၏ မောင်နှမအရင်းအချာများ (Applicant's siblings)

| အမည်<br>Name | တော်စပ်ပုံ<br>Relationship | ကျား/မ<br>Sex | နိုင်ငံသား<br>Nationality | အလုပ်အကိုင်<br>Occupation | နေရပ်လိပ်စာ<br>Address | မှတ်ချက်<br>Remark |
|---|---|---|---|---|---|---|
| | | | | | | |

၃၆။ လျှောက်ထားသူ၏ ဇနီး/ ခင်ပွန်းနှင့် ယင်း၏ မောင်နှမအရင်းအချာများ (Applicant's Spouse and his/her siblings)

| အမည်<br>Name | တော်စပ်ပုံ<br>Relationship | ကျား/မ<br>Sex | နိုင်ငံသား<br>Nationality | အလုပ်အကိုင်<br>Occupation | နေရပ်လိပ်စာ<br>Address | မှတ်ချက်<br>Remark |
|---|---|---|---|---|---|---|
| | | | | | | |

၃၇။ လျှောက်ထားသူ၏ ဇနီး/ ခင်ပွန်း၏ အဘနှင့် ယင်း၏ မောင်နှမအရင်းအချာများ (Father of Applicant's Spouse and his siblings)

| အမည်<br>Name | တော်စပ်ပုံ<br>Relationship | ကျား/မ<br>Sex | နိုင်ငံသား<br>Nationality | အလုပ်အကိုင်<br>Occupation | နေရပ်လိပ်စာ<br>Address | မှတ်ချက်<br>Remark |
|---|---|---|---|---|---|---|
| | | | | | | |

၃၈။ လျှောက်ထားသူ၏ ဇနီး/ ခင်ပွန်း၏ အမိနှင့် ယင်း၏ မောင်နှမအရင်းအချာများ (Mother of Applicant’s Spouse and her siblings)

| အမည်<br>Name | တော်စပ်ပုံ<br>Relationship | ကျား/မ<br>Sex | နိုင်ငံသား<br>Nationality | အလုပ်အကိုင်<br>Occupation | နေရပ်လိပ်စာ<br>Address | မှတ်ချက်<br>Remark |
|---|---|---|---|---|---|---|
| | | | | | | |

၃၉။ လျှောက်ထားသူ၏ သား/သမီးများနှင့် ယင်းတို့၏ ဇနီး/ ခင်ပွန်း (Applicant’s Children and their spouses)

| အမည်<br>Name | တော်စပ်ပုံ<br>Relationship | ကျား/မ<br>Sex | နိုင်ငံသား<br>Nationality | အလုပ်အကိုင်<br>Occupation | နေရပ်လိပ်စာ<br>Address | မှတ်ချက်<br>Remark |
|---|---|---|---|---|---|---|
| | | | | | | |

၄၀။ နိုင်ငံခြားတွင် ရောက်ရှိနေသည့် လျှောက်ထားသူ၏ ဆွေမျိုးများ (Applicant’s relatives residing overseas)

| အမည်<br>Name | တော်စပ်ပုံ<br>Relationship | ကျား/မ<br>Sex | နိုင်ငံသား<br>Nationality | အလုပ်အကိုင်<br>Occupation | နေရပ်လိပ်စာ<br>Address | မှတ်ချက်<br>Remark |
|---|---|---|---|---|---|---|
| | | | | | | |

၄၁။ အထက်ပါအချက်အလက်များများ ပြည့်စုံ/ မှန်ကန်စွာ ဖြည့်စွက်ထားပါကြောင်းနှင့် ပြည့်စုံ/ မှန်ကန်မှု မရှိကြောင်း စိစစ်တွေ့ရှိရပါက လျှောက်ထားမှုအား လက်ခံဆောင်ရွက်ပေးနိုင်ခြင်း မရှိကြောင်းကို သိရှိနားလည်ပါသည်။

The particulars given above are complete and correct. I understand that the application cannot be accepted if the particulars given are found to be incomplete/ incorrect.

လက်မှတ် (Signature) ______________________________

အမည် (Name) ______________________________

ဖုန်းနံပါတ် (Tel. No) ______________________________

ရက်စွဲ (Date) ______________________________